**Labor Day Weekend Blending Conference**
**For the Churches in California**

**September 4-6, 2020**

## Message 1

## အမေရိကန်ပြည်ထောင်စု၏ အရေးကြီးမှုကို မြင်ခြင်းနှင့် သတို့သမီးကို ပြင်ဆင်ခြင်းအဖြစ် ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်းအတွက် ပြည့်စုံသော ဧဝံဂေလိတရားအဖြစ် ဘုရားဆိုင်ရာသမ္မာတရားများအားလုံးကို ပျံ့နှံ့စေရန် လိုအပ်နေခြင်း

ဖတ်ရန်ကျမ်း။ တ၊၁၇း၂၆။ ဗျာ၊၁၉း၇။ ၁၂း၆။ ဟဂ္ဂဲ၊၁း၇-၈။ ကော၊၃း၁၀-၁၁။
၁တိ၊၂း၄။ ဧ၊၃း၉။ မ၊၂၄း၁၄၊ ၄၅။ ၂၈း၁၉။ ဗျာ၊၆း၁-၈

**I. ဘုရားသခင်သည် သူ၏အကြံအစည်တော်ကို သယ်ဆောင်ခြင်းအတွက် ကမ္ဘာ့အခြေအနေကို ကြိုတင်ပြင်ဆင်ထားခဲ့သည်။ ဤအရာကို ကျွန်ုပ်တို့သိနားလည်လာသည့်အခါ သမိုင်းကြောင်းသည် အဓိပ္ပာယ်ရှိလာသည် - တ၊ ၁၇း၂၆-၂၇။ ဒံ၊ ၂း၃၁-၄၅။ အခန်း ၅ နှင့် မှတ်စု ၃၀'။ [1]**

**II. ယနေ့ ဘုရားသခင်သည် အမေရိကန်ပြည်ထောင်စုကို ပြင်ဆင်ထားခဲ့ခြင်းမှာ ဧဝံဂေလိတရားဟောပြောခြင်း သက်သက်အတွက်မဟုတ်၊ သမ္မာတရားကို သွန်သင်ခြင်းသက်သက်အတွက်လည်းမဟုတ်သလို၊ ကျမ်းစာဆိုင်ရာ စည်းဝေးခြင်းများသက်သက်အတွက်လည်း မဟုတ်ဘဲ၊ သတို့သမီးကို ပြင်ဆင်ခြင်းအတွက် ဖြစ်သည် - ဗျာ၊၁၉း၇။ [2]**

A. ဘုရားသခင်၏ အလိုတော်မှာ ကျွန်ုပ်တို့က ခရစ်တော်ကို အသက်ရှင်ရန်၊ ခရစ်တော်ကို ကျွန်ုပ်တို့၏အသက်ရှင်ခြင်းအဖြစ် ရရှိရန်၊ ခရစ်တော်ကို စစ်မှန်ခြင်းအဖြစ် ရရှိရန်၊ အသင်းတော်အသက်တာ၏ စစ်မှန်သော ပါဝင်ရာဖြစ်စေရန်နှင့် ဒေသန္တရအသင်းတော်တိုင်းကို ရွှေမီးခုံတိုင်ဖြစ်စေရန် ဖြစ်သည်။ ကိုယ်ခန္ဓာတော်အသက်တာသည် ရောမ၊၁၂ ၏ စစ်မှန်ခြင်းသို့ ရောက်ရှိလာမည်ဖြစ်ကာ၊ ဤအရာသည် ကိုယ်တော်ပြန်ကြွလာခြင်းအတွက် သတို့သမီးကို အလိုအလျောက်ပြင်ဆင်ခြင်း ဖြစ်လာလိမ့်မည် - ရော၊၈း၂။ ၁၂း၁-၂။ ဗျာ၊၁း၂၀။ ၁၉း၇။ [3]

B. အမေရိကန်ပြည်ထောင်စု၏ ဦးဆောင်မှုအောက်တွင်ရှိသည့် ကမ္ဘာ့အခြေအနေသည် ဤအကြံအစည်အတွက်ပင် လုံးလုံးဖြစ်ပေသည်။

**III. အမေရိကန်ပြည်ထောင်စုသည် လူသစ်ကို စုံလင်စေခြင်းအတွက် နိုးထထွက်ပေါ်လာခြင်းဖြစ်သည် - ကော၊၃း၁၀-၁၁။**

A. ယနေ့ အမေရိကန်ပြည်ထောင်စုသည် မြေကြီးတစ်ပြင်လုံး၏ ပထဝီအနေအထားဆိုင်ရာ အလယ်ဗဟို၊ လမ်းဆုံဖြစ်ကာ၊ ၎င်းသည် အကြီးဆုံးသော သမုဒ္ဒရာနှစ်ခုကို ၎င်း၏အတောင်ပံနှစ်ဖက်သဖွယ်ရှိနေသည့် ရောမလင်းယုန်ငှက်ကဲ့သို့ ဖြစ်သည်။ [4]

B. အမေရိကန်ပြည်ထောင်စုသည် လူသစ်၏ ရည်ရွယ်ချက်အတွက် နေထိုင်ရာ ကမ္ဘာမြေ၏ အလယ်ဗဟိုအဖြစ် နိုးထထွက်ပေါ်လာခဲ့သည်။

C. ဘုရားသခင်က အထူးသဖြင့် အမေရိကန်ပြည်ထောင်စု၌ လူများအားလုံးကို အတူတကွ ခေါ်ဆောင်လာရန် အရာခပ်သိမ်းကို ပြုတော်မူသည်။ အရာခပ်သိမ်းသည် လူသစ်အတွက် ဖြစ်သည်။

**IV. သခင်ဘုရားသည် ကိုယ်တော်၏ပြန်လည်ရယူခြင်း တိုးပွားပျံ့နှံ့ခြင်းအတွက် အခြေဖြစ်လာစေရန် အမေရိကန်ပြည်ထောင်စုကို ရွေးချယ်ထားခဲ့သည်။**

A. ယနေ့ သခင်ဘုရား၏ လှုပ်ရှားလုပ်ဆောင်မှုမှာ ပြန်လည်ရယူခြင်း ဖြစ်ကြောင်း ကျွန်ုပ်တို့သိနားလည်ရန် လိုအပ်သည်။ ကိုယ်တော်သည် ဤနောက်ဆုံးသော ကမ္ဘာ့အခြေအနေ တည်းဟူသော အမေရိကန်ပြည်ထောင်စု၏ ကြီးစိုး

လွှမ်းမိုးမှုကို ပြန်လည်ရယူခြင်း တိုးပွားပျံ့နှံ့ခြင်းအတွက် အသုံးပြုလိမ့်မည်ဖြစ်သည်။ [5]

B. ကိုယ်တော်၏ ပြန်လည်ရယူခြင်း တိုးပွားပျံ့နှံ့ခြင်းအတွက်နှင့် ကိုယ်တော်၏ပြန်လည်ရယူခြင်း နောက်ဆုံးအဆင့်များ - သတို့သမီးကို ပြင်ဆင်ခြင်းအဖြစ် ခရစ်တော်၏ကိုယ်ခန္ဓာတော် တည်ဆောက်ခြင်း - အတွက် သခင်ဘုရားသည် အုပ်စိုးမှုရှိစွာဖြင့် အမေရိကန်ပြည်ထောင်စုကို ပြင်ဆင်ခဲ့သည်၊ စောင့်ထိန်းခဲ့သည်၊ ကောင်းချီးပေးခဲ့သည်။

C. ဘုရားသခင်သည် ကိုယ်တော်၏ ပြန်လည်ရယူခြင်း တိုးပွားပျံ့နှံ့ရန် အမေရိကကို အသုံးပြုလိမ့်မည်၊ သို့မှသာ သခင်ဘုရားသည် ပြန်ကြွလာနိုင်မည်ဖြစ်သည်။ [6]

V. **သခင်ဘုရားပြန်လည်ရယူခြင်း၏ သမ္မာတရားများ ပျံ့နှံ့သွားခြင်းသည် သခင်ဘုရား၏ပြန်ကြွလာခြင်းအတွက် ပြင်ဆင်ခြင်းဖြစ်လိမ့်မည် - မ၂၄း၁၄။ ၂၈း၁၉။** [7]

A. ခရစ်တော်တက်ကြွပြီးနောက် ချက်ချင်း ဤအရာလေးခု - ဧဝံဂေလိတရား၊ စစ်ပွဲ၊ အစာခေါင်းပါးခြင်းနှင့် သေခြင်း တို့သည် မြင်းလေးစီးပေါ်မှ မြင်းစီးသူများကဲ့သို့ စတင်ပြေးခဲ့ကြကာ၊ ခရစ်တော်ပြန်ကြွလာသည့်အချိန်ထိတိုင် ဆက်လက်ပြေးနေကြမည်ဖြစ်သည် - ဗျာ၆း၁-၈။

B. ကျွန်ုပ်တို့သည် တစ်စိတ်တစ်ပိုင်းဖြစ်သော ဧဝံဂေလိတရားကို ဟောပြောခြင်းမဟုတ်ဘဲ၊ မဿဲစာစောင်မှ ဗျာဒိတ်ကျမ်းအထိ အရာအားလုံး ခြုံငုံပါဝင်သော ပြည့်စုံသည့် ဧဝံဂေလိတရား - ကိုယ်တော်၏ တရားရေးဆိုင်ရာ ရွေးနုတ်ခြင်းနှင့် အသက်ဆိုင်ရာ ကယ်တင်ခြင်းမှတစ်ဆင့် ရွေးချယ်ခံလူများအထဲသို့ ဝိညာဉ်တော်အဖြစ် ခရစ်တော်၌ မိမိကိုယ်တော်တိုင်ကို ဝေငှဖြန့်ဖြူးရန် ဘုရားသခင့်ထာဝရစီမံကိန်း၏ ဧဝံဂေလိတရားကို ဟောပြောခြင်းဖြစ်သည်၊ ယင်းမှာ ကိုယ်တော်၏ထာဝရထင်ရှားခြင်းအတွက် ကိုယ်တော်၏သတို့သမီး၊ ဇနီးဖြစ်သည့် ယေရုရှလင်မြို့သစ်ကို ပြီးမြောက်ပြည့်စုံစေခြင်းငှာ ဒေသန္တရအသင်းတော်များ၌ ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်း ရှိရန်အတွက်ဖြစ်သည် - ၁တိ၊၁း၃-၄။ ဗျာ၁း၁၀-၁၁။ ၂၁း၂၊ ၉-၁၁။

C. ဤခေတ်၌ ဘုရားသခင်၏ တုနှိုင်းရာမဲ့ ရည်ရွယ်ချက်မှာ ဧဝံဂေလိတရားဟောပြောခြင်း ရှိရန်ဖြစ်ကာ၊ ထိုသို့ဖြင့် ခရစ်တော်၏ကိုယ်ခန္ဓာတော်ဖြစ်သည့် အသင်းတော်သည် ယေရုရှလင်မြို့သစ်ကို ပြီးမြောက်ပြည့်စုံစေခြင်းငှာ တည်ဆောက်ခြင်းခံရနိုင်မည် ဖြစ်သည် - ဧ၃း၈-၁၁။ ဗျာ၂၁း၂၊ ၁၀။

D. အမှန်တွင် ဧဝံဂေလိတရားတွင် ဘုရားဆိုင်ရာ သမ္မာတရားအားလုံး ပါဝင်သည်။ ကျွန်ုပ်တို့သည် ဧဝံဂေလိတရား၏ ဘုရားဆိုင်ရာသမ္မာတရားအားလုံးကို သင်ယူခြင်းရှိရန်နှင့် ကိုယ်တော်၏ပြန်လည်ရယူခြင်းအတွက် ၎င်းတို့ကို အရပ်ရပ်တို့၌ ဟောပြောခြင်းရှိမည့်အကြောင်း သခင်ဘုရားသည် ကျွန်ုပ်တို့ကို ဝန်တာပေးပါစေသော - ဧ၁း၁၃။ ၂တိ၂း၁၅။ ၃း၁၄-၁၇။ ၁တိ၂း၇။ ဟေရှာ၁၁း၉။ ဒံ၁၁း၃၂ခ-၃၃က။

E. သခင်ဘုရား၏ပြန်လည်ရယူခြင်းသည် သခင်ဘုရား၏သမ္မာတရားများ၊ အထူးသဖြင့် ပေါလု၏ပြည့်စုံသောအမှုတော်နှင့် ယောဟန်၏ ပြန်လည်ပြုပြင်ခြင်းအမှုတော်တို့၏ အလယ်ဗဟိုကျသည့် ရူပါရုံကို တိုးပွားပျံ့နှံ့စေရန် ကြီးစွာသော လုပ်ငန်းဖြင့် အပ်နှင်းစေခိုင်းခံရပြီဖြစ်သည် - မ၂၈း၁၉။ ၁တိ၂း၄။ ၂ကော၅း၁၄-၁၅။

F. ဤသမ္မာတရားများကို ကျွန်ုပ်တို့ပျံ့နှံ့စေမည်ဆိုလျှင်၊ ကျွန်ုပ်တို့သည် သတ်မှတ်ထားသည့်အချိန်၌ သခင်ဘုရား၏လူများကို အစားအစာဖြင့် အစေခံရန် သစ္စာရှိသော အစေခံကျွန်များ ဖြစ်လာကြလိမ့်မည်။ ထိုအခါ ကျွန်ုပ်တို့သည် သခင်ဘုရားပြန်လည်ရယူခြင်း၏ ခန့်အပ်စေခိုင်းမှုကို ပြီးပြည့်စုံစေလိမ့်မည်ဖြစ်သည် - မ၂၄း၄၅။

VI. **ကျွန်ုပ်တို့သည် ဒေသတွင်းလူဦးရေမှ လူများကို ရယူရန် အရေးတကြီး လိုအပ်ချက်ကို မြင်ရန် လိုအပ်သည်။**

A. ကျွန်ုပ်တို့သည် ဒေသတွင်း လူဦးရေမှ တိုးပွားခြင်းကို ရယူရန် သခင်ဘုရားနှင့်အတူ အပြင်းအထန် လုပ်ဆောင်ရမည်၊ ဒေသခံများကို ရယူနိုင်ခြင်းမရှိဘဲ၊ အနာဂတ်၌ သခင်ဘုရား၏သက်သေခံချက်ကို ရရှိရန်မှာ ဖြစ်နိုင်ချေမရှိပါ။

B. ကျွန်ုပ်တို့အလယ်မှ တိုးပွားမှုသည် အဓိကအားဖြင့် မြို့တိုင်းရှိ တကယ့် ဒေသခံလူများမှ ဖြစ်သင့်သည်။

**VII. "ဒေသန္တရအသင်းတော်များသည် ပြည်နယ်ငါးဆယ်ခုရှိ ဦးဆောင်နေသော မြို့များအားလုံး၌ တည်ခြင်းရှိမည့် အကြောင်း ကျွန်ုပ် ယုံကြည်ပါသည်။ ဤစစ်မှန်သော အသင်းတော်များသည် ဘုရားသခင်၏လူများကို ကိုယ်တော်၏ စီမံကိန်းသို့ ပြန်လည်လမ်းညွှန်လိမ့်မည်ဖြစ်သည်" — *Life-study of Revelation*, p. 558:**

A. ရှေ့ဦးစွာ ကျွန်ုပ်တို့သည် မြို့တော်နယ်နိမိတ်ဗဟိုအတွင်း ဒေသန္တရအသင်းတော်၏ ခိုင်ခံ့သော သက်သေခံချက်ကို တည်ဆောက်ရမည်၊ ထိုနောက် ကျွန်ုပ်တို့သည် အသင်းတော်အသက်တာကို မဟာဗျူဟာကျသည့် မြို့များမှတဆင့် တစ်နိုင်ငံလုံးသို့ တိုးပွားပျံ့နှံ့စေရမည် - ညွှန်း၊ တ၁း၈။

B. "ကျွန်ုပ်တို့သည် အမေရိကန်ပြည်ထောင်စုရှိ the Bible Belt ဟု ခေါ်တွင်သည့် အရှေ့တောင်ပိုင်းနှင့် တောင်ပိုင်း အလယ်ဒေသများတွင် သခင်ဘုရား ပြန်လည်ရယူခြင်း၏ ခိုင်ခံ့သော သက်သေခံချက်ကို နိုးထထွက်ပေါ်စေရန် လို အပ်ကြောင်း ကျွန်ုပ်ခံစားရပါသည်၊ the Bible Belt ဒေသသည် အမေရိကန်ပြည်ထောင်စုတွင် အရေးအပါဆုံးသော ဒေသဖြစ်မည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။"—*CWWL, 1981*, vol. 1, "Carrying Out the New Testament Ministry," p. 37.

**VIII. စာတန်ဆိုင်ရာ ဖရိုဖရဲဖြစ်ခြင်းအလယ်၌ ဘုရားဆိုင်ရာစီမံကိန်းတွင် အသက်ရှင်သောသူတစ်ဦးအဖြစ် နေသောသည် ဘုရားသခင်ထံသို့ ကိုယ်တော်ကို ကျေနပ်ဝမ်းမြောက်စေရန် ယဇ်ပလ္လင်ကို တည်ကာ၊ မီးရှို့ရာပူဇော်သက္ကာများ (ခရစ် တော်ကို ပုံဆောင်ခြင်း) ကို ပူဇော်ခဲ့သည်၊ ထိုသို့ဖြင့် ကမ္ဘာမြေကြီးနှင့်အတူ ၎င်း၏သဘာဝ နည်းစနစ်များသည် စောင့် ထိန်းခံရနိုင်မည်ဖြစ်သည် - က၊၈း၂၀-၂၂။ [8]**

A. ယနေ့ ကျွန်ုပ်တို့သည်လည်း ယဇ်ပလ္လင်ကို တည်ဆောက်ကာ၊ ဆုတောင်းရမည်။ ယင်းမှာ ကျွန်ုပ်သည် ကားတိုင်သို့ လာကာ၊ ခရစ်တော်ကို ဘုရားသခင်ထံသို့ ပူဇော်ရမည်ဖြစ်သည်။

B. ကျွန်ုပ်တို့သည် ခရစ်တော်ကို ဘုရားသခင်ထံသို့ ပူဇော်သည့်အခါ "အို ဘုရားသခင်၊ ကျွန်ုပ်တို့၏နိုင်ငံကို ခွင့်လွှတ် တော်မူပါ။ မကောင်းမှုဒုစရိုက်များနှင့် ပရမ်းပတာဖြစ်ခြင်းများသည် ဖြောင့်မတ်သောဘုရားသခင် ကိုယ်တော်ကို အမျက်ထွက်စေပါသည်။ ကိုယ်တော်သားတော် ကျွန်ုပ်တို့၏ သခင်ယေရှု အသေခံတော်မူရာ ကားတိုင်ကို အောက် မေ့သတိရပါမည့်အကြောင်း ကျွန်ုပ်တို့တောင်းလျှောက်ပါသည်"ဟု ကျွန်ုပ်တို့ ဆုတောင်းရမည်ဖြစ်သည်။

C. ကားတိုင်သို့လာ၍ ခရစ်တော်ကို ဘုရားသခင်ထံ ပူဇော်ခြင်းမှာ ဘုရားဆိုင်ရာ စီမံကိန်းဖြစ်သည်။ ဤသို့ပြုမည်ဆို လျှင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့နေထိုင်ရာ နိုင်ငံကို ကယ်တင်ရန် အကူအညီဖြစ်စေမည်ဖြစ်သည် - ညွှန်း၊ ဒံ၊၉း၃-၂၀။

**IX. "အချိန်သည် တိုတောင်းလှသည်။ အဆုံးသည် နီးကပ်နေပြီ။ သင်သည် ကမ္ဘာ့သမိုင်းကို သိရှိပြီး၊ သမိုင်း၏လားရာကို သိမည်ဆိုလျှင် ဘုရားသခင်သည် နောက်ထပ်ခြေလှမ်းတစ်ခုအဖြစ် ယူဆောင်ရန် ဤကမ္ဘာတွင် အစွမ်းတန်ခိုးအဖြစ် အခြားနိုင်ငံတစ်ခုကို ပြင်ဆင်မည်မဟုတ်တော့ကြောင်း သင်သည် သိနားလည်လာမည်ဖြစ်သည်။ အမေရိကသည် ဘုရားသခင်က ကိုယ်တော်၏နောက်ဆုံးသော လှုပ်ရှားလုပ်ဆောင်မှုအတွက် အသုံးပြုမည့် နောက်ဆုံးသော အစွမ်းတန် ခိုးဖြစ်ကြောင်း ကျွန်ုပ်ယုံကြည်ပါသည်။ ဤစတုတ္ထအဆင့်၊ ကိုယ်တော်၏နောက်ဆုံး လှုပ်ရှားမှုသည် ကိုယ်တော်၏ ရှာ ဖွေသူများ၊ ကိုယ်တော်၏ချစ်သူများ အရေအတွက်အချို့သည် ခရစ်တော်ကို အသက်ရှင်၍ သူတို့၏ ဒေသန္တရ၌ မီးခုံတိုင် ဖြစ်ကာ၊ ကိုယ်တော်၏ သတို့သမီးကို ပြင်ဆင်ခြင်း ရှိနိုင်ရန် ကိုယ်တော်၏ ထာဝရရည်ရွယ်ချက်ကို သယ်ဆောင်ခြင်း ဖြစ်သည်။"—*CWWL, 1981*, vol. 1, "The World Situation and God's Move," p. 321.**

## Message 2

## ကိုယ်ခန္ဓာတော်၏ တစ်လုံးတစ်ဝဖြစ်ခြင်းကို စောင့်ထိန်းခြင်းနှင့် သခင်ဘုရား၏ လှုပ်ရှားလုပ်ဆောင်မှု၌ သဘောတညီတညွတ်တည်းဖြစ်ခြင်းကို လက်တွေ့လုပ်ဆောင်ခြင်း

ဖတ်ရန်ကျမ်း။ ။ယော၊ ၁၇း၁၁၊ ၂၀-၂၁။ ဧ၊ ၄း၁-၆၊ ၁၃။ တ၊ ၁း၁၄၊ ၂း၄၆၊ ၄း၂၄၊ ၃၁-၃၂က၊ ၅း၁၂၊ ၁၅း၂၅။ မ၊ ၁၈း၁၉။ ရော၊ ၁၅း၅-၆၊ ၁၂း၁၆။ ၁ကော၊ ၁း၁၀။ ၂ကော၊ ၁၃း၁၁။ ဖိ၊ ၁း၂၇၊ ၂း၂၊ ၄း၂

**I. တစ်လုံးတစ်ဝဖြစ်ခြင်းသည် သုံးပါးတစ်ပါးဘုရားနှင့် သူ၏ယုံကြည်သူများအားလုံး ရောနှောပေါင်းစည်းထားခြင်း ဖြစ်သည်၊ ဤတစ်လုံးတစ်ဝဖြစ်ခြင်းသည် ခရစ်တော်၏ကိုယ်ခန္ဓာတော်ပင်ဖြစ်သည် - ယော၊၁၇း၁၁၊ ၂၁-၂၃။ ဧ၊၄း၄-၆။** [1]

A. ဓမ္မသစ်ကျမ်း၌ ယုံကြည်သူများအကြား တစ်လုံးတစ်ဝဖြစ်ခြင်းကို ယောဟန် ၁၇ ၌ ပထမဆုံးအကြိမ် ဖော်ပြထားသည် - အငယ်၊၁၁၊ ၂၁-၂၃။

B. ထိုအခန်းကြီး၌ရှိသော တစ်လုံးတစ်ဝဖြစ်ခြင်းသည် ကိုယ်တော်၏ ဆုတောင်းခြင်း၌ သခင်ဘုရားအားဖြင့် ခြုံငုံပြောထားသည်၊ အငယ် ၂၀-၂၁ ၌ သခင်ဘုရားသည် ယုံကြည်သူအပေါင်းတို့သည် "ငါတို့၌" တစ်လုံးတစ်ဝတည်းဖြစ်မည့်အကြောင်း ဆုတောင်းခဲ့သည်၊ ၎င်းမှာ ဘုရားဆိုင်ရာသုံးပါးဖြစ်ခြင်း၌ဖြစ်သည်၊ ဤသည်မှာ စစ်မှန်သောတစ်လုံးတစ်ဝဖြစ်ခြင်းဖြစ်သည်။

C. ဤတစ်လုံးတစ်ဝဖြစ်ခြင်းသည် ခရစ်တော်၏ကိုယ်ခန္ဓာတော်လည်း ဖြစ်သည်၊ အကြောင်းမှာ ခရစ်တော်၏ ကိုယ်ခန္ဓာတော်သည် ကိုယ်တော်၏ ယုံကြည်သူများနှင့်အတူအဆင့်ဆင့် ဖြတ်ကျော်၍ ပြီးမြောက်ပြည့်စုံသော သုံးပါးတစ်ပါးဘုရား၏ ရောနှောပေါင်းစည်းခြင်း ဖြစ်သည် - ဧ၊ ၄း၄-၆။

D. ဘုရားသခင်၏ ခေါ်တော်မူခြင်းအတိုင်း ထိုက်တန်စွာ လျှောက်လှမ်းနိုင်ရန်၊ ခန္ဓာကိုယ်အသက်တာထဲ၌ ရှိနေရန်၊ ကျွန်ုပ်တို့သည် တစ်လုံးတစ်ဝဖြစ်ခြင်းကို ဂရုပြုဖို့ ဦးစွာလိုအပ်ပါသည်။ ယင်းသည် ခရစ်တော်၏ခန္ဓာတော်အဖို့ အရေးပါသော၊ အဓိကျသောအရာဖြစ်သည် - အငယ်၊ ၁-၃။ [2]

**II. အသင်းတော်၌ စစ်မှန်သော သဘောတညီတညွတ်တည်းဖြစ်ခြင်းသည် ကိုယ်ခန္ဓာတော်၌ တစ်လုံးတစ်ဝဖြစ်ခြင်းကို စစ်မှန်စွာ လက်တွေ့လုပ်ဆောင်ခြင်းပင်ဖြစ်သည်။** [3]

A. ဓမ္မသစ်ကျမ်း၌ ကျွန်ုပ်တို့အားလုံး အလေးထားဂရုပြုရမည့် အဓိကကျသောအကြောင်းအရာနှစ်ခု - တစ်လုံးတစ်ဝဖြစ်ခြင်းနှင့် သဘောတညီတညွတ်တည်းဖြစ်ခြင်းကို မြင်ရန်လိုအပ်သည် - ဧ၊၄း၃။ ရော၊၁၅း၅-၆။ [4]

B. စစ်မှန်သော သဘောတညီတညွတ်တည်းဖြစ်ခြင်းကို ကျွန်ုပ်တို့လက်တွေ့လုပ်ဆောင်သည့်နှင့်အမျှ ကျွန်ုပ်တို့သည် တုနှိုင်းရာမဲ့သော ခရစ်တော်၏ ကိုယ်ခန္ဓာတော်ဖြစ်သည့် အသင်းတော်ကို သိကျွမ်းရမည်ဖြစ်သည်၊ ယင်းသည် အနှစ်သာရ၌ တစ်ခုတည်း၊ ဩဝါဒ၌ တစ်ခုတည်း၊ လက်တွေ့လုပ်ဆောင်မှု၌ တစ်ခုတည်း ဖြစ်သည်။ [5]

C. တစ်လုံးတစ်ဝဖြစ်ခြင်းသည် ကိုယ်ခန္ဓာနှင့်တူ၍၊ သဘောတညီတညွတ်တည်းဖြစ်ခြင်းသည် ကိုယ်ခန္ဓာအတွင်း၌ရှိသော စိတ်နှလုံးနှင့်တူသည်၊[6] တစ်လုံးတစ်ဝဖြစ်ခြင်းသည် အခွံနှင့်တူ၍၊ သဘောတညီတညွတ်တည်း ဖြစ်ခြင်းသည် အခွံအတွင်း၌ရှိသောအစေ့ နှင့်တူသည်။[7]

D. မဿဲ၊၁၈း၁၉ တွင် ဂရိစကားလုံး ဆွမ်ဖိုနီယို *sumphoneo* ကို သဘောတညီတညွတ်ဖြစ်ခြင်းအတွက် အသုံးပြုထားသည်။

1. "ညီညွတ်မျှတခြင်း၌ သို့မဟုတ် သဘောတညီတညွတ်၌" ဟူသော စကားလုံးမှာ တေးဂီတတူရိယာများ သို့မဟုတ် တေးဂီတသံများ ညီညွတ်မျှတနေခြင်းကို ရည်ညွှန်းပါသည်။

2. နောက်ဆုံးတွင် ယုံကြည်သူများအကြားရှိ အတွင်းပိုင်းခံစားမှု၏ သဘောတညီတညွတ်ဖြစ်ခြင်း သို့မဟုတ် ညီညွတ်မျှတခြင်းသည် တေးဂီတသံနည်းတူ၊ သာယာနာပျော်ဖွယ်နည်းတူ ဖြစ်လာမည်ဖြစ်သည်၊ ကျွန်ုပ်တို့သည် သဘောတညီတညွတ်တည်းရှိကြသောအခါ ဘုရားသခင်၏အမြင်၌ ကျွန်ုပ်တို့သည် ကိုယ်တော်အဖို့ သာယာနာပျော်ဖွယ် ဖြစ်လာမည်ဖြစ်သည်၊ ထိုကဲ့သို့သော သဘောတညီတညွတ်တည်းဖြစ်ခြင်းသည် တစ်လုံးတစ်ဝဖြစ်ခြင်း၏ အခရာဖြစ်သည်။

E. တမန်တော်၊ ၁း၁၄ တွင် သဘောတညီတညွတ်ဖြစ်ခြင်းအတွက် နောက်ထပ် ဂရိစကားလုံး *ဟိုမိုသူမာဒွန် homothumadon* ကို အသုံးပြုထားသည်။

1. *ဟိုမိုသူမာဒွန် homothumadon* သည် ခိုင်မာပြီး အရာအားလုံးပါဝင်သည်၊ *ဟိုမို homo* သည် "တူညီမှု" ကို ဆိုလိုပြီး၊ *သူမို့စ် thumos* သည် "အသိဉာဏ်၊ အလိုဆန္ဒ၊ ရည်ရွယ်ချက် (စိတ်၊ စိတ်နှလုံး)" ကို ဆိုလိုခြင်း ဖြစ်သည် - ရော၊ ၁၅း၆။ [8]

2. ထိုစကားလုံးသည် လူတစ်ဦး၏ ဖြစ်ခြင်းတစ်ခုလုံး အတွင်းပိုင်းခံစားမှု ညီညွတ်မျှတခြင်းရည်ညွှန်းသည်။ [9]

## III. သဘောတညီတညွတ်တည်းဖြစ်ခြင်းသည် သခင်ဘုရား၏လှုပ်ရှားလုပ်ဆောင်မှု၌ ကျွန်ုပ်တို့၏ယခုမျက်မှောက် လက်တွေ့လုပ်ဆောင်ခြင်းအတွက် အခြေခံ၊ အခြေပြုရာပင်ဖြစ်သည်။ [10]

A. ကျွန်ုပ်တို့သည် သခင်ဘုရား၏ ပြန်လည်ရယူခြင်းနှင့် ကိုယ်တော်၏ ယခုမျက်မှောက်၊ ခေတ်နှင့်အညီ လှုပ်ရှားလုပ်ဆောင်မှုနှင့်အတူ အမှန်ပင် လုပ်ဆောင်လိုသည်ဆိုပါက၊ ပထမဦးစွာ ကျွန်ုပ်တို့သည် သဘောတညီတညွတ်တည်းဖြစ်ခြင်းတည်းဟူသော အရာတစ်ခုကို ဂရုပြုရမည်ဖြစ်သည်။ [11]

B. ဓမ္မသစ်ကျမ်း၌ သဘောတညီတညွတ်တည်းဖြစ်ခြင်း အကြောင်းအရာမှာ သခင်ဘုရား၏လှုပ်ရှားလုပ်ဆောင်မှုအတွက် အလွန် အဓိကကျသောအချက်အဖြစ် နေရာယူထားသည် - တ၊ ၁း၁၄၊ ၂း၄၆၊ ၄း၂၄၊ ၃၁။

C. သမ္မာကျမ်းစာရှိ အခြားမည်သည့်စာစောင်ကမျှ တမန်တော်ဝတ္ထုနည်းတူ သဘောတညီတညွတ်တည်းဖြစ်ခြင်းကို ပြောဆိုထားခြင်း မရှိပါ - ၁း၁၄၊ ၂း၄၆၊ ၄း၂၄၊ ၅း၁၂၊ ၁၅း၂၅။ [12]

1. တမန်တော်ဝတ္ထု၌ တစ်ရာ့နှစ်ဆယ်တို့သည် တစ်ခုတည်းသော အသိဉာဏ်၊ တူညီသောအသိဉာဏ်၊ စိတ်နှင့်စိတ်နှလုံးအတွင်းနှင့် နေရာအနှံ့အပြားရှိ တူညီသော ရည်ရွယ်ချက်နှင့်အတူ တူညီသောအလိုဆန္ဒ၌ အတူတကွဆုတောင်းခဲ့ကြသည် - တ၊ ၁း၁၄။ *Hymns*, #779. [13]

2. တမန်တော်ဝတ္ထုသည် သဘောတညီတညွတ်ဖြစ်ခြင်းနှင့် အစပြုထားပြီး၊ သဘောတညီတညွတ်ဖြစ်ခြင်းကို အလေးပေးထားသည်။ အစောပိုင်းတပည့်တော်များသည် ဤသဘောတညီတညွတ်ဖြစ်ခြင်းကို စောင့်ထိန်းခြင်း သို့မဟုတ် ထိန်းသိမ်းထားခြင်း မပြုနိုင်ခဲ့ကြပေ၊ သို့သော်လည်း သူတို့၌ ဤမြေကြီးပေါ်သခင်ဘုရား၏လှုပ်ရှားမှုကိုသယ်ဆောင်ခြင်းအတွက် ခြားနားသောနည်းလမ်းများ၊ လမ်းကြောင်းများ၊ လူများ၊ အရာများရှိခဲ့ကြသည်။

D. ယနေ့ အဓိကကျသောလိုအပ်ချက်မှာ သဘောတညီတညွတ်ဖြစ်ခြင်းကို ပြန်လည်ရယူခြင်းဖြစ်ကြောင်း ကျွန်ုပ်တို့မြင်ရမည်၊[14] သဘောတညီတညွတ်ဖြစ်ခြင်းသည် ဓမ္မသစ်ကျမ်း၌ ကောင်းချီးမင်္ဂလာတိုင်းကို ဖွင့်နိုင်သော အဓိကသော့ဖြစ်သည်။ [15]

1. စစ်တပ်၌ ထိရောက်သောအကျိုးသက်ရောက်မှုမှာ စိတ်ဓာတ်ဖြစ်သည်၊ စစ်တပ်မှာရှိသောစိတ်ဓာတ်သည် သဘောတညီတညွတ်ဖြစ်ခြင်း ရှိရန်ဖြစ်သည်။ [16]

2. ကျွန်ုပ်တို့၌ ကောင်းသောသွန်သင်ခြင်း၊ အသင်းတော်၏အခြေပြုနေရာနှင့် ဘုရားဆိုင်ရာထောက်ပံ့ခြင်းများစွာရှိသည်၊ သို့သော် ကျွန်ုပ်တို့၏စိတ်ဓာတ်မှာ ပြဿနာရှိနေသည်။ [17]

3. သဘောတညီတညွတ်ဖြစ်ခြင်းမရှိဘဲ၊ လူများကို ဘုရားသခင်၏ စွမ်းအားကြီးမားသော ကယ်တင်ခြင်းအားဖြင့် ကယ်တင်ခံရစေရန်၊ ပြောင်းလဲစေရန်နှင့် အသစ်တစ်ဖန်မွေးဖွားခြင်းခံရစေရန် ခက်ခဲလှပေသည်။[18]
4. သဘောတညီတညွတ်ဖြစ်ခြင်းကို ကျွန်ုပ်တို့လက်တွေ့လုပ်ဆောင်သည့်အခါ ကျွန်ုပ်တို့သည် တစ်ဝိညာဉ်တည်းဖြစ်ခြင်းနှင့် တစ်စိတ်တည်းဖြစ်ခြင်းကို သင်ယူရမည်ဖြစ်သည် - ဖိ၊ ၁:၂၇။[19]
5. သဘောတညီတညွတ်ဖြစ်ခြင်းကို ကျွန်ုပ်တို့လက်တွေ့လုပ်ဆောင်သည့်အနေဖြင့် ကျွန်ုပ်တို့သည် တူညီသောအသိဉာဏ်နှင့် တူညီသောသဘောတစ်သံတစ်သမတ်တည်း ရှိကြရမည်ဖြစ်သည် - ၁ကော၊ ၁:၁၀။ ဖိ၊ ၂:၂၊ ၄:၂။

E. ကျွန်ုပ်တို့သည် သဘောတညီတညွတ်ဖြစ်ခြင်းကို ဆုတောင်းခြင်း၊ ဝိညာဉ်တော်နှင့် နှုတ်ကပတ်တော်အားဖြင့် စောင့်ထိန်းထားရန် လိုအပ်ပါသည်။
1. တုန့်ပြန်ရမဲ့သော သဘောတညီတညွတ်ဖြစ်ခြင်းကို စောင့်ထိန်းရန်အလို့ငှာ ကျွန်ုပ်တို့အားလုံးသည် တူညီသောနည်းလမ်းအားဖြင့် တူညီသောအရာကို သင်ယူရမည်ဖြစ်သည်၊ ထိုဒြပ်သဘာဝမှာ သခင်ဘုရားလှုပ်ရှားမှုအတွက် နှုတ်ကပတ်တော်၌ ထွက်ပေါ်လာသော ဆုတောင်းခြင်းနှင့် ဝိညာဉ်တော်ဖြစ်သော အတုမဲ့သော နည်းလမ်းနှင့် စေ့စပ်ထုံးဖွဲ့ခြင်းဖြစ်သည် - တ၊ ၄:၃၁။
2. တမန်တော်ဝတ္ထု၌ အဓိကအကြောင်းအရာသုံးချက်ဖြစ်သော ဆုတောင်းခြင်း၊ ဝိညာဉ်တော်နှင့် နှုတ်ကပတ်တော်သည် ဧဝံဂေလိတရားပျံ့နှံ့ခြင်းအတွက် ဖြစ်သည်၊ သဘောတညီတညွတ်တည်းဖြစ်ခြင်းသည် ဆုတောင်းခြင်း၊ ဝိညာဉ်တော်နှင့် နှုတ်ကပတ်တော်၏ သော့ချက်နှင့် အသက်သွေးကြောဖြစ်သည် - တ၊ ၄:၃၁၊ ၂၄။[20]

F. တမန်တော်များ၏သွန်သင်ခြင်းမှာ သဘောတညီတညွတ်ဖြစ်ခြင်း အကြောင်းအရာကို စွဲကိုင်ထားခြင်းဖြစ်သည်၊ ကျွန်ုပ်တို့သည် တမန်တော်များ၏သွန်သင်ခြင်း၊ ဘုရားသခင့်ဓမ္မသစ်စီမံကိန်းနှင့်စပ်လျဉ်း၍ သွန်သင်ခြင်းသို့ မိမိကိုယ်ကို ကန့်သတ်ထားမည်ဆိုလျှင်၊ ကျွန်ုပ်တို့သည် တစ်လုံးတစ်ဝဖြစ်ခြင်း၌ စောင့်ထိန်းထားခြင်းခံရလိမ့်ကာ၊ တစ်ခုတည်းသော ပန်းတိုင်အဖို့ တစ်ခုတည်းသောနည်းလမ်း ရှိလာလိမ့်မည်ဖြစ်သည် - တ၊ ၂:၄၂က၊ ၄၆က၊ ညွှန်း၊ ၁တိ၊ ၁:၃-၄။

G. "မြေကြီးပေါ်တွင် သခင်ဘုရား၏ပြန်လည်ရယူခြင်း ပျံ့နှံ့စေရန်အတွက် မည်သည့်ထင်မြင်ချက်မှမရှိရဘဲ၊ လူတိုင်းသည် သဘောတညီတညွတ်ဖြစ်ခြင်း၌ ရှိရမည်ဖြစ်သည်။ ယနေ့ အရေးကြီးဆုံးသောအရာမှာ တစ်လုံးတစ်ဝရှိရန်ဖြစ်သည်။ လူတိုင်းသည် သဘောတညီတညွတ်ဖြစ်ခြင်း၌ ရှိရန်၊ တစ်သံတည်း ထွက်ရန်နှင့် တစ်ခုတည်းသော ဦးဆောင်မှုကို လက်ခံရန် လိုအပ်ပါသည်"—*CWWL, 1987*, vol. 2, "Words of Training for the New Way," p. 103.

## IV. ပေါင်းစည်းခြင်းသည် ကိုယ်ခန္ဓာတော်၏ တစ်လုံးတစ်ဝဖြစ်ခြင်းကို စောင့်ထိန်းခြင်း၌ အကူအညီအဖြစ်ဆုံးသောအရာဖြစ်သည် - ၁ကော၊ ၁၂:၂၄-၂၅။

A. *ပေါင်းစည်း* ဟူသောစကားလုံးမှာ "ကိုက်ညှိခြင်း၊ လိုက်ဖက်ညီခြင်း၊ ဖေးမခြင်းနှင့် ရောနှောခြင်း" ကိုဆိုလိုသည်၊ ဂရိစကားလုံး၌ *ပေါင်းစည်းခြင်း* ကို ကွဲပြားခြားနားခြင်းကို ဆုံးရှုံးခြင်းဟုလည်း ရည်ညွှန်းပါသည် - ၁ကော၊ ၁၂:၂၄။

B. ပေါင်းစည်းခြင်းသည် ကျွန်ုပ်တို့အား ဖြတ်တောက်ခြင်းခံရန် တောင်းဆိုသည်၊ ပေါင်းစည်းခြင်းသည် ကျွန်ုပ်တို့အား ဝိညာဉ်တော်အားဖြင့် ခရစ်တော်ကို ဝေငှဖြန့်ဖြူးရန်နှင့် ကိုယ်ခန္ဓာတော်အဖို့အလို့ငှာ အရာခပ်သိမ်းလုပ်ဆောင်ရန် တောင်းဆိုသည်။

C. ဤသည်မှာ ကျွန်ုပ်တို့သည် မိတ်သဟာယရှိသင့်ကြောင်း ဆိုလိုသည်၊ မိတ်သဟာယသည် ကျွန်ုပ်တို့ကို ဖေးမပေးသည်၊ ကိုက်ညှိပေးသည်၊ ရောနှောပေါင်းစည်းပေးသည်၊ မိတ်သဟာယရှိရန်မှာ ကျွန်ုပ်တို့၏ကိုယ်ပိုင် စိတ်ဝင်စားမှုများကို ဘေးဖယ်ထားပြီး၊ ယေရုရှလင်မြို့သစ် ပြီးမြောက်ပြည့်စုံစေရန် ခရစ်တော်၏ကိုယ်ခန္ဓာတော် တည်ဆောက်

ခြင်းတည်းဟူသော - အများနှင့်ဆိုင်သော ရည်ရွယ်ချက်အတွက် အခြားသူများနှင့်ဆက်နွယ်ခြင်းပင်ဖြစ်သည် - ၁ယော၊ ၁း၃။ ဧ၊ ၄း၁၆။ ဖျာ၊ ၂း၂။

D. ကျွန်ုပ်တို့အလယ်တွင် ခရစ်တော်ကိုယ်ခန္ဓာတော်၏ တစ်ဦးချင်းဆိုင်ရာ အင်္ဂါဝင်များအားလုံး၏ ပေါင်းစည်းခြင်း၊ ဒေသအချို့တွင်ရှိသော အသင်းတော်များပေါင်းစည်းခြင်း၊ လုပ်ဖော်ဆောင်ဖက်များအားလုံး ပေါင်းစည်းခြင်းနှင့် ဦးဆောင်သူများအားလုံး ပေါင်းစည်းခြင်းတို့ ရှိသင့်ပါသည်။

E. ယခုမှစ၍ အသင်းတော်များသည် ပေါင်းစည်းရန်အလို့ငှာ မကြာခဏပင် အတူတကွ လာရောက်သင့်ပါသည်၊ ယနေ့ ဤမျက်မှောက်ခေတ်သည် ခေတ်မီသော သက်သာလွယ်ကူသောအရာများရှိသည့် ခေတ်ဖြစ်သောကြောင့် အခြားသူများနှင့်အတူ ပေါင်းစည်းရန် ကျွန်ုပ်တို့အဖို့အလွန်အဆင်ပြေပါသည်။

**V. "ဝန်တာကို ခံစားရ၍ ဤနည်းလမ်းသစ်ကို ယူဆောင်ရန် လိုလားဆန္ဒရှိသူ မည်သူမဆို - အတူတကွ သွားကြပါစို့။ ကျွန်ုပ်သည် ကိုယ့်ကိုယ်ကို နိုးထစေ၍ သင်တို့အားလုံးကိုလည်း နိုးထစေလိုသည်။ . . . ဘုရားတစ်ပါး၊ သခင်တစ်ပါး၊ ဝိညာဉ်တော်တစ်ဝိညာဉ်တည်း၊ ကိုယ်ခန္ဓာတော်တစ်ကိုယ်တည်း၊ အသင်းတော်တစ်ပါး၊ တစ်ခုတည်းသောသက်သေ၊ တစ်ခုတည်းသောအလုပ်၊ တစ်ခုတည်းသောသွန်သင်ခြင်း၊ တစ်ခုတည်းသောဦးဆောင်မှုနှင့် တစ်ခုတည်းသော သဘောတညီတညွတ်ဖြစ်ခြင်း စသည့် "တစ်ခုတည်းဖြစ်ခြင်း" ၏နည်းလမ်းသို့ ကျွန်ုပ် တို့သွားကြပါစို့" —*CWWL, 1986*, vol. 1, "Elders' Training, Book 7: One Accord for the Lord's Move," pp. 170-171.**

## Message 3

# ဧဝံဂေလိတရား၏ ဓမ္မသစ် ယဇ်ပုရောဟိတ်အရာကို လက်တွေ့လုပ်ဆောင်ရန် နိုးကြားရှင်သန်လာခြင်း

ဖတ်ရန်ကျမ်း။ ။ မြည်၊၃း၂၂-၂၃။ သု၊၄း၁၈။ ဆာ၊၁၁၉း၁၄၇။ ဗျာ၊၂း၄-၅။ ၁ယော၊၁း၃၊ ၇၊ ၉။ ရော၊၁၂း၁-၂၊ ၁၁။ ၂တိ၊ ၂း၂၂။ တ၊၁း၈၊ ၁၄။ ၄း၈၊ ၃၁။ ရော၊၁၅း၁၆။ ဗျာ၊၁း၅-၆။ ၁ပေ၊၂း၅၊ ၉။ ဟဂ္ဂဲ၊ ၁း၈

**I. ဘုရားစီမံထားသောလမ်းသည် ကျွန်ုပ်တို့၏တစ်ဦးချင်းဆိုင်ရာ နိုးကြားခြင်းမှ အစပြုသည်။ ခရစ်ယာန်တို့၏ နိုးကြားခြင်းမှာ နံနက်ချိန်၌ ဖြစ်ပေါ်သည်။** [1]

A. ကျွန်ုပ်တို့သည် နိုးကြားသောသူများ ဖြစ်ရမည်။ ဤသည်မှာ ဘုရားသခင်၏ သဘာဝတရားအပေါ် အခြေတည်သော နံနက်ခင်း နိုးကြားခြင်းဖြစ်ရမည် - မြည်၊၃း၂၂-၂၃။

B. ခရစ်ယာန်တစ်ဦး၏အသက်တာသည် နေရွေ့လျားသည်အတိုင်း လိုက်သောသူဖြစ်သင့်သည်။ နေထွက်သောအခါ ကျွန်ုပ်တို့သည်လည်း ထိုနေနှင့် နိုးထရမည်။ ကျွန်ုပ်တို့သည် နေပြည့်သည်တိုင်အောင် ဆက်လက်တက်လာရမည် - သူကြီး၊ ၅း၃၁။ သု၊၄း၁၈ နှင့် မှတ်စု။

1. ဝိညာဉ်လေ့ကျင့်ရန်အတွက် ပထမအဆင့်မှာ သခင်ဘုရား၏နာမတော်ကို ခေါ် ခြင်းနှင့် ဆုတောင်းရန်၊ ၎င်းမှာ သခင်ဘုရားကို စကားပြောရန် ဖြစ်သည်။ သခင်ဘုရားကို ခေါ်ဆိုခြင်းနှင့်အတူ စကားပြောဆိုခြင်းသည် လူတစ်ဦး၏ သက်ပြင်း ရှူရှိုက်ခြင်းနှင့်တူသည် - ဆာ၊၁၁၉း၁၄၇က။ မြည်၊၃း၅၅-၅၆။ ရော၊၁၀း၁၂-၁၃။

2. ဝိညာဉ်လေ့ကျင့်ရန်အတွက် ဒုတိယအဆင့်မှာ သခင်ဘုရား၏ နှုတ်ကပတ်တော်ကို ဆုတောင်းဖတ်ရန်ဖြစ်သည်။ ဤသည်မှာ သခင်ဘုရား၏နှုတ်ကပတ်တော်နှင့် ကျွန်ုပ်တို့၏ဝိညာဉ်ကို အပြည့်အဝရောနှောပေါင်းစည်းခြင်း ဖြစ်သည် - ဆာ၊ ၁၁၉း၁၄၇ခ။ ဧ၊ ၆း၁၇-၁၈။

3. သခင်ဘုရားနှင့် ကျွန်ုပ်တို့ အချိန်ယူရာ၌ အဓိကကျသောအရာမှာ ကျွန်ုပ်တို့၏သြတ္တပ္ပစိတ်ကို ရှင်းလင်းရန်၊ ကျွန်ုပ်တို့၏ အတွင်းပိုင်း အပြစ်တင်ခြင်းကို ဖယ်ရှားပစ်ရန် ဖြစ်သည်။ ဤအရာကို ကျွန်ုပ်တို့၏ ကျရှုံးမှုများ၊ ချွတ်ယွင်းချက်များ၊ ရှုံးနိမ့်မှုများ၊ မှားယွင်းစွာလုပ်ဆောင်မိသောအရာများ၊ အမှားများနှင့် သခင်ဘုရားကို ပြစ်မှားမိသောအပြစ်များ အားလုံးအတွက် လုံးလုံးအကုန်အစင် အပြစ်ဝန်ချတောင်းပန်ခြင်းအားဖြင့် လုပ်ဆောင်နိုင်သည် - ၁ယော၊ ၁း၇၊ ၉။ ဆာ၊ ၅၁။

**II. နိုးကြားရှင်သန်မှုရှိရန် ဆိုသည်မှာ ရှင်သန်ခြင်းရှိရန်နှင့် တက်ကြွလှုပ်ရှားခြင်းရှိရန် ဆိုလိုသည်။ နိုးကြားသောအုပ်စုများသည် အသင်းတော်အတွက် တိုးပွားခြင်းရှိရန် ရှင်သန်လျက်၊ တက်ကြွလှုပ်ရှားနေသည့် နိုးကြားသောပုဂ္ဂိုလ်များဖြင့် ပေါင်းစပ်ဖွဲ့စည်းထားခြင်းဖြစ်သည်။** [2]

A. နိုးကြားရှင်သန်ခြင်းမှာ ဝိညာဉ်ရေးရာ စစ်မှန်ခြင်းဖြစ်သည်။ [3] အမြင့်ဆုံးသော သမ္မတရားများနှင့် ဝိညာဉ်ရေးရာ ကြွယ်ဝခြင်းများ၏ စစ်မှန်ခြင်းမှာ နိုးကြားရှင်သန်နေခြင်းဖြစ်သည် - ၃ယော၊ ၃-၄ နှင့် မှတ်စု ၃။ [4]

B. အမေရိကန်ပြည်ထောင်စုရှိ ခရစ်ယာန်မြောက်များစွာတို့သည် လောကဆန်ကြသော်လည်း၊ သူတို့ထဲမှ စစ်မှန်ခြင်းတည်းဟူသော သခင်ဘုရားကိုယ်တော်တိုင်ကို ဝိညာဉ်ရေးရာ ဆာငတ်ခြင်းရှိသော ကျန်ကြွင်းသူများရှိနေသေးသည် - လု၊၁း၅၃။ ၆း၂၁က။

C. သန့်ရှင်းသူများ၏ နိုးကြားရှင်သန်မှု၊ သူတို့၏နေ့စဉ်အသက်တာ၌ ဝိညာဉ်ရေးရာ စစ်မှန်ခြင်းသည် ရှာဖွေသောသူများအား တို့ထိစေပြီး သူတို့၏ဝိညာဉ်ရေးရာ ဆာငတ်မှုကို ကျေနပ်နှစ်သိမ့်စေမည် ဖြစ်သည်။ [5] နိုးကြားရှင်သန်ခြင်းသည် ယုံကြည်လက်ခံခြင်း အရှိစေနိုင်ဆုံးသောအကြောင်းရင်းပင် ဖြစ်သည် - ညွန်း၊ တ၊ ၂း၄၂-၄၇။ [6]

## III. ကျွန်ုပ်တို့သည် နိုးကြားရှင်သန်ရန် နည်းလမ်းကို ရှာဖွေဖို့ လိုအပ်သည်။ [7]

A. ကျွန်ုပ်တို့ထံ ဘုရားသခင်၏ သနားစုံမက်ခြင်းကို ကျွန်ုပ်တို့ စဉ်းစား၍၊ ကျွန်ုပ်တို့အား ကယ်တင်ပေးခြင်း၌ သခင်ဘုရား၏ မေတ္တာတော်ကို ဆင်ခြင်အောက်မေ့သည့်အခါ ကျွန်ုပ်တို့သည် နောင်တရသော ဆုတောင်းခြင်းများအားဖြင့် သခင်ဘုရားအား အကောင်းဆုံးသောချစ်ခြင်းမေတ္တာဖြင့် နှိုးဆော်ခြင်းခံရလိမ့်မည်။ ဤအရာက ကျွန်ုပ်တို့အား နိုးကြားစေလိမ့်မည် ဖြစ်သည် - ရော၊၁၂း၁။ ဧ၊၂း၄-၅။ ၁ယော၊၁း၉။

B. ကျွန်ုပ်တို့သည် သခင်ဘုရားနှင့်သော်လည်းကောင်း၊ ရှာဖွေသောသန့်ရှင်းသူများနှင့်သော်လည်းကောင်း ရင်းနှီးကျွမ်းဝင်သော မိတ်သဟာယရှိရန် လိုအပ်သည်။ ကျွန်ုပ်တို့၌အတူတကွ အားထုတ်လုပ်ဆောင်နိုင်သည့် အပေါင်းအဖော်များရှိရန် လိုအပ်သည် - ၁ယော၊ ၁း၃။ ဖိ၊၂း၁-၂။ တ၊ ၁၁း၂၅၊ ၃၀။ ၂တိ၊၂း၂၂။ ဒံ၊၂း၁၃၊ ၁၇-၁၈။

C. မိတ်သဟာယဖွဲ့ခြင်းအားဖြင့် အပေါင်းအဖော်များရပြီးနောက် သခင်ဘုရားထံသို့ မိမိကိုယ်ကိုယ် ပြန်လည်ဆက်ကပ်အပ်နှံခြင်း၌သော်လည်းကောင်း၊ ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာကို အသက်ရှင်သောယဇ်အဖြစ် သခင်ဘုရားထံသို့ ပူဇော်ဆက်သရာ၌သော်လည်းကောင်း၊ ဤခေတ်ကာလ၏ပုံသဏ္ဌာန်ကိုဆောင်ခြင်းမှ အသိဉာဏ်ကို အသစ်ပြုပြင်ခြင်းအားဖြင့် ပုံသဏ္ဌာန်ပြောင်းလဲရာတွင်လည်းကောင်း၊ စိတ်အားကြီးခြင်းအရာမှာ ပျင်းရိခြင်းမရှိဘဲ၊ ဝိညာဉ်၌တောက်လောင်လျက် သခင်ဘုရားကို အစေခံရာ၌လည်းကောင်း ဦးဆောင်လုပ်ဆောင်ရန် သင်ယူရမည် - ရော၊ ၁၂း၁-၂၊ ၁၁။

D. ကျွန်ုပ်တို့သည် မိတ်သဟာယဖွဲ့ခြင်း၊ ဝန်ချတောင်းပန်ခြင်း၊ ဆက်ကပ်အပ်နှံခြင်းအဆင့်များကို ဖြတ်ကျော်ပြီးနောက် ဆုတောင်းခြင်းအသက်တာအထဲသို့ ကျွန်ုပ်တို့ ဝင်ရောက်ကြသည်။ ဆုတောင်းသောအသက်တာ၌ ကျွန်ုပ်တို့သည် မိမိကိုယ်ကိုယ် ဝိညာဉ်တော်အထဲသို့ - အနှစ်သာရဆိုင်ရာဝိညာဉ်တော် စီမံကိန်းဆိုင်ရာ ဝိညာဉ်တော်၊ အရာအားလုံးပါဝင်သော ဝိညာဉ်တော်အထဲသို့ ဆုတောင်းခြင်းဖြစ်သည်။ ထိုအခါ ကျွန်ုပ်တို့၏ ဝိညာဉ်ကို လေ့ကျင့်ခြင်းအားဖြင့် ဤဝိညာဉ်တော်နောက် မည်သို့လိုက်ရမည် ိ ု သိလာမည်ဖြစ်သည်။ ကျွန်ုပ်တို့၌ ဤသို့ဖြစ်နေမည်ဆိုလျှင် ကျွန်ုပ်တို့သည် အမှန်တကယ် နိုးကြားနေခြင်းဖြစ်သည် - တ၊၄း၁၃။ ၁ဖ်း၆-၇။ ၂ကော၊၂း၁၃။ [8]

## IV. ရောမ ၁၅း၁၆ ၌ ပေါလုက သူသည် ဘုရားသခင်ထံသို့ တစ်ပါးအမျိုးသားတို့ကို ပူဇော်ခြင်းငှာ ဘုရားသခင်၏ ဧဝံဂေလိတရားအမှုကို ဆောင်သော ခွန်အားပေးသည့် ယဇ်ပုရောဟိတ်အဖြစ် တစ်ပါးအမျိုးသားများတို့တွင် ခရစ်တော်ယေရှု၏ အမှုဆောင်ဖြစ်သည်ဟု ပြောထားသည်။ [9]

A. ဘုရားသခင့် ဧဝံဂေလိတရား၏ ခွန်အားပေးသည့် ယဇ်ပုရောဟိတ်အနေဖြင့် ပေါလုသည် ဘုရားသခင်၏ ဧဝံဂေလိတရား၌ အလုပ်များနေသည့် ဓမ္မသစ်ယဇ်ပုရောဟိတ်ဖြစ်သည်။ [10]

B. ကိုယ်တော်၏ ရွေးချယ်ခံလူများအားလုံးတို့သည် ယဇ်ပုရောဟိတ်ဖြစ်စေခြင်းမှာ ဘုရားသခင်၏ ရည်ရွယ်ချက်ဖြစ်သည် - ဗျာ၊၁း၆။ ညွှန်း၊ ထွ၊၁၉း၆။

1. ဓမ္မသစ်၌ ယုံကြည်သူအယောက်စီတိုင်းသည် ယဇ်ပုရောဟိတ်များဖြစ်ကြကာ၊ တစ်ဦးချင်း မဟုတ်ဘဲ စုပေါင်းထားသောနည်းလမ်း၌ ယဇ်ပုရောဟိတ်အရာ ဖြစ်လာကြသည် - ဗျာ၊၁း၅ခ-၆။ ၅း၉-၁၀။ ၁ပေ၊ ၂း၅၊ ၉။
2. ရောမ၊၁၅း၁၆ အရ ယနေ့ ကျွန်ုပ်တို့သည် ဘုရားသခင့် ဧဝံဂေလိတရား၏ ယဇ်ပုရောဟိတ်များဖြစ်ကြသည်။ ကျွန်ုပ်တို့ အားလုံးက "ကျွန်ုပ်သည် ဘုရားသခင့်ဧဝံဂေလိတရား၏ ယဇ်ပုရောဟိတ်ဖြစ်သည်"ဟု ကြေညာရန် လိုအပ်သည်။ [11]

C. ဓမ္မသစ်၌ ဧဝံဂေလိတရား ယဇ်ပုရောဟိတ်များ၏ အတုမရှိသော စံနမူနာမှာ တမန်တော်ပေါလုဖြစ်သည်။[12] သူသည် စံနမူနာ ဖြစ်သည့်အတွက်ကြောင့် သူလုပ်ဆောင်ခဲ့သမျှကို ကျွန်ုပ်တို့ လုပ်ဆောင်သင့်သည် - ၁တိ၊ ၁း၁၆။ ၂သက်၊ ၃း၉။ [13]

D. ပေါလုသည် ဧဝံဂေလိတရား၏ယဇ်ပုရောဟိတ်အဖြစ် ယဇ်ပူဇော်ခြင်း အဆင့်သုံးဆင့်၌ မည်သို့လုပ်ဆောင်ခဲ့သည်ကို ကျွန်ုပ်တို့ မြင်ရန်လိုအပ်သည်။ [14]

1. ဦးစွာ ပေါလုသည် နှစ်သက်လက်ခံဖွယ်ရာ ပူဇော်သက္ကာအဖြစ် ဘုရားသခင်ထံသို့ ပူဇော်ခြင်းငှာ အပြစ်သားများကို ကယ်တင်ခဲ့သည် - (ရော၊၁၅း၁၆)။ ကျွန်ုပ်တို့သည် အပြစ်သားများနှင့်ပတ်သက်၍ နေ့စဉ်နေ့တိုင်း အားထုတ်လုပ်ဆောင်ရမည်- လူများအထဲသို့ ခရစ်တော်ကို ထည့်သွင်းပေးနိုင်ရန် သူတို့ထံ အလည်အပတ်သွားရမည်၊ သူတို့အား ခရစ်တော်၏အစိတ်အပိုင်း၊ ခရစ်တော်၏ တိုးပွားခြင်းဖြစ်စေပြီး၊ ထိုသူများကို ဘုရားသခင်ထံသို့ ပူဇော်ရမည်။

2. ဒုတိယမှာ သူသည် ယုံကြည်သူများကို ခေါ်ဆောင်ကာ အသက်ရှင်သောယဇ်အဖြစ် ဘုရားသခင်ထံသို့ မိမိကိုယ်ကိုယ် ပူဇော်ဆက်သရန် ဦးဆောင်ပေးခဲ့သည်။ ကျွန်ုပ်တို့သည် ဝိညာဉ်ရေးရာ ကလေးသူငယ်များကို နို့တိုက်မိခင်ပမာ ကျွေးမွေးရမည်၊ သို့မှသာ သူတို့သည် အသက်၌ကြီးထွားလာမည်ဖြစ်ကာ၊ ထိုနောက် အသက်ရှင်သောယဇ်အဖြစ် ဘုရားသခင်ထံသို့ မိမိကိုယ်ကိုယ် ပူဇော်ဆက်သရန် သူတို့အား တိုက်တွန်းနှိုးဆော်ရမည် - ရော၊၁၂း၁။ ၁သက်၊၂း၇။

3. တတိယမှာ ခရစ်တော်၌ အယောက်စီတိုင်း ပြည့်ဝစွာကြီးရင့်ခြင်း၌ ဆက်သအံ့သောငှာ သန့်ရှင်းသူအားလုံးတို့ကို သတိပေး၍ ပညာအမျိုးမျိုး၌ ဆုံးမသွန်သင်ပေးခဲ့သည်။ ကျွန်ုပ်တို့သည်လည်း သန့်ရှင်းသူများအား ပေါလုနည်းတူ တစ်အိမ်ပြီးတစ်အိမ် သွား၍ မျက်နှာချင်းဆိုင်လျက် သတိပေး၍ ဆုံးမသွန်သင်ခြင်းအားဖြင့် သူတို့သည် အသက်၌ ကြီးရင့်ခြင်းသို့ ရောက်ရှိနိုင်ရန် သူတို့အထဲသို့ ခရစ်တော်ကို အမှုဆောင်ပေးရမည် - ကော၊ ၁း၂၈-၂၉။ တ၊ ၂၀း၂၀၊ ၃၁။

## V. ကျွန်ုပ်တို့အားလုံးသည် ဓမ္မသစ်ယဇ်ပုရောဟိတ်အရာ၌ ဧဝံဂေလိတရား၏ ယဇ်ပုရောဟိတ်များအဖြစ် လုပ်ဆောင်ရမည်။ [15]

A. ဧဝံဂေလိတရားဟောပြောခြင်းသည် ဓမ္မသစ် ယဇ်ပုရောဟိတ်များဖြစ်ကြသည့် ကျွန်ုပ်တို့၏ နေ့စဉ်အသက်တာ၊ ကျွန်ုပ်တို့၏ နေ့စဉ်အလုပ်နှင့် နေ့စဉ်တာဝန် ဖြစ်သင့်သည်။ အပြစ်သားများကို ကျွန်ုပ်တို့ ဧဝံဂေလိတရားဟောပြောသောအခါတိုင်း ကျွန်ုပ်တို့သည် ခွန်အားဖြစ်စေသည့် ယဇ်ပုရောဟိတ်များဖြစ်ကြသည်ဟူသော နက်ရှိုင်းသောခံစားမှုရှိနေရမည်။ ကျွန်ုပ်တို့၏ယဇ်ပုရောဟိတ်အရာကို ပြည့်စုံစေရန်အတွက် ကျွန်ုပ်တို့၏ နေ့စဉ်တာဝန်ကို လုပ်ဆောင်ရန် ရှုန်းကန်ကြိုးစားခြင်းနှင့် အားထုတ်ကြိုးပမ်းမှုရှိရမည် - တ၊ ၅း၄၂။ [16]

B. ကျွန်ုပ်တို့၏ နေ့စဉ်တာဝန်ကို ပြည့်စုံစေရန် ကျွန်ုပ်တို့သည် ခွန်အားဖြစ်ထွန်းစေသည့် ယဇ်ပုရောဟိတ်များ ဖြစ်ရမည် - ရော၊၁၅း၁၆၁၇။ [17]

1. ကျွန်ုပ်တို့သည် ဧဝံဂေလိတရားဟောရမည်- ခရစ်တော်နှင့်အတူ ကိုယ်တော်၏ဘုရားဆိုင်ရာ အခွင့်အာဏာနှင့်အတူ သွားရမည် - ကျွန်ုပ်တို့၏ဆွေမျိုးများ၊ မိတ်ဆွေများ၊ အတန်းဖော်များ၊ လုပ်ဖော်ဆောင်ဖက်များနှင့် အိမ်နီးချင်းများထံ သွားရောက်ရမည် - မ၊၂၈း၁၈-၁၉။ [18]

2. ကျွန်ုပ်တို့သည် များစွာ ဆုတောင်းခြင်းဖြင့် ဧဝံဂေလိတရားဟောပြောရန် ထွက်ရမည်။ သို့မှသာ ကျွန်ုပ်တို့၏ သွားခြင်းသည်လည်း သခင်ဘုရားအားဖြင့် စေလွှတ်တော်မူခံရခြင်းဖြစ်လိမ့်မည် - ဧ၊၆း၁၈-၁၉။ ညွှန်း၊ လု၊ ၂၀း၂-၃။ တ၊ ၁၃း၂-၄။ [19]

3. ကျွန်ုပ်တို့သည် ဧဝံဂေလိတရားဟောပြောခြင်းကို မိမိတို့၏တာဝန်အဖြစ် ယူဆောင်ရန် လိုအပ်ပြီး၊ ကျွန်ုပ်တို့၏ အချိန်ကို စီမံခန့်ခွဲ၍ ၎င်းကို မှန်မှန်၊ အဆက်မပြတ်၊ စဉ်ဆက်မပြတ် လုပ်ဆောင်ရမည်။

## VI. ကျွန်ုပ်တို့သည် အသင်းတော်၏တိုးပွားခြင်းအတွက် ကိုယ်ပိုင်နည်းလမ်းဖြင့် အားထုတ်လုပ်ဆောင်ရမည် -ဟဂ္ဂဲ၊၁း၈။ [20]

A. ယနေ့ ကျွန်ုပ်တို့၏ ဧဝံဂေလိတရား ဟောပြောခြင်းသည် ဘုရားသခင်၏အိမ်တော် တည်ဆောက်ခြင်းအတွက် တန်ဆာပလာများကို စုဆောင်းခြင်းဖြစ်သည် - ဟဂ္ဂဲ၊၁း၈။ *Hymns,* #923.

B. ကျွန်ုပ်တို့သည် "အသစ်သောအသွေး" ဖြစ်သည့် အသစ်ကယ်တင်ခြင်း ခံရသောသူများကို လိုအပ်သည်။ အသင်းတော်များအားလုံးတို့သည် ဤအရာကို အထူးအလေးထားရမည်။ ကျွန်ုပ်တို့သည် အသင်းတော်တိုးပွားခြင်းအတွက် ကိုယ်ပိုင်နည်းလမ်း၌ အားထုတ်လုပ်ဆောင်ရန် ခိုင်မာသော ဆုံးဖြတ်ချက်ချရမည်။ [21]

C. ယနေ့ ကျွန်ုပ်တို့ လိုအပ်သောအရာသည် ကျွန်ုပ်တို့၏ အားထုတ်လုပ်ဆောင်မှုကြောင့်ရသော မှန်ကန်သော တိုးပွားမှုဖြစ်သည်။ ကျွန်ုပ်တို့သည် ခိုင်မာသောတည်ဆောက်ခြင်းအတွက် ခိုင်မာသော အင်္ဂါဝင်များကို လိုအပ်သည်။ [22] သခင်ဘုရားသည် ကိုယ်တော်စီမံထားသောလမ်းအတိုင်း ဧဝံဂေလိတရား၏ ယဇ်ပုရောဟိတ်အရာကို လေ့ကျင့်လုပ်ဆောင်မည့် သန့်ရှင်းသူအချို့ကို လိုအပ်နေသည်။ သို့မှသာ သခင်ဘုရားတွင် နည်းလမ်းရှိလိမ့်မည်ဖြစ်သည်။ [23]

**VII. "ကျွန်ုပ်တို့သည် ကိုယ်တော်၏သမိုင်း၊ လှုပ်ရှားလုပ်ဆောင်မှုနှင့် ကိုယ်တော်၏ ချစ်ဖွယ်သော အောင်မြင်သူများကို ခွန်အားပေးရာ၌ ဘုရားသခင်နှင့်အတူ တစ်လုံးတစ်ဝရှိရန် လိုအပ်သည်။ ယင်းမှာ ကျွန်ုပ်တို့သည် အသက်၌၊ အသက်ရှင်ခြင်း၌၊ ဤမြေကြီးပေါ် ယနေ့ ကျွန်ုပ်တို့လုပ်ဆောင်သောအရာရာတိုင်း၌ ဘုရားသခင်နှင့် တစ်လုံးတစ်ဝတည်းရှိရန် လိုအပ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ယနေ့သမိုင်းကို ရေးရန် လိုအပ်သည်။ ကျွန်ုပ်တို့သည် ခွန်အားပေးသည့် ဘုရားသခင်နှင့်အတူ တစ်လုံးတစ်ဝဖြစ်ခြင်း၌ ဆက်လက်ချီတက်ရန် လိုအပ်သည်။ ကိုယ်တော်၌၊ ကိုယ်တော်အားဖြင့်၊ ကိုယ်တော်အတွက် ကျွန်ုပ်တို့သည် နိုးကြားရှင်သန်မှု၊ အသက်ရှင်မှုနှင့် တက်ကြွလှုပ်ရှားမှု ရှိနေရမည်။" (*Life-Study of Joshua*, p. 3).**

## Message 4

## ယေရှု၏သက်သေခံချက် အဖြစ် အသင်းတော်၏ စကြဝဠာဆိုင်ရာ

## ပျံ့နှံ့ခြင်းအတွက် ပြောင်းရွှေ့နေထိုင်ခြင်း

ဖတ်ရန်ကျမ်း။ ။ ဗျာ၊ ၁း၁၁-၁၂၊ ၂၀။ တ၊ ၈း၁၊ ၄။ ဟေဗြဲ၊ ၁၁း၈၊ ၁၃။ ရော၊ ၄း၁၂။ သူကြီး၊ ၅း၁၅ခ-၁၆

**I. ယေရှု၏သက်သေခံချက်အဖြစ် အသင်းတော်၏ စကြဝဠာဆိုင်ရာ ပျံ့နှံ့ခြင်းအတွက် ကျွန်ုပ်တို့သည် အသက်အဖြစ် သုံးပါးတစ်ပါး ဘုရား၏ စုပေါင်းထင်ရှားခြင်းအတွက် "အသင်းတော် သစ်ပင်များ"ကို စိုက်ပျိုးရန် လိုအပ်သည် - ယော၊၅း၂၆။ ၁၁း၂၅။ ၁ယော၊ ၅း၁၁-၁၂။ ရော၊၈း၂။ ၁ကော၊၁း၂။ ဗျာ၊၁း၁၁-၁၂၊ ၂၀။** [1]

A. ဘုရားသခင်၏အမြင်၌ စကြဝဠာဆိုင်ရာ အသင်းတော်၊ ခရစ်တော်၏ကိုယ်ခန္ဓာတော်သည် ပုံပေါ်လာပြီး ဖြစ်သည်။ ယခု ဤ စကြဝဠာဆိုင်ရာအသင်းတော်ကို ပြီးပြည့်စုံသောထုံးဖွဲ့မှုအဖြစ် ဖွဲ့စည်းပြီးနောက် အသင်းတော်ကို ပျံ့နှံ့စေရန်အတွက် လိုအပ် နေသည် - တ၊၈း၁၊ ၄။ ၉း၃၁။

B. ကျွန်ုပ်တို့သည် အသင်းတော်ကို ပုံမပေါ်စေနိုင်သော်လည်း ကျွန်ုပ်တို့တွင် ဒေသန္တရအသင်းတော်များကို တည်စေရန် နေရာ၊ အခွင့်အရေး၊ အခွင့်အာဏာရှိ၍ မြေကြီးစွန်းတိုင်အောင် သွားရန် ခန့်အပ်စေခိုင်းခံရသည် - တ၊၁း၈။ ၁၃း၁-၃။ ဂလ၊၁း၂။ ဗျာ၊ ၁း၁၁။

C. ယနေ့ ကျွန်ုပ်တို့ လုပ်ဆောင်နေသည့်အရာမှာ "အသင်းတော် သစ်ပင်များ"ကို စိုက်ပျိုးခြင်းအားဖြင့် မတူညီသော ဒေသန္တာရများ ၌ အသင်းတော်များကို တည်စေရန်ဖြစ်သည်။ ဤအသင်းတော်သစ်ပင်များကို စိုက်ပျိုးခြင်းမှာ အသင်းတော်ကို တည်စေခြင်း ဖြစ်သည်။ ကျွန်ုပ်တို့၏ ဝန်တာမှာ သစ်ပင်တည်းဟူသော အသင်းတော်ကို ယူဆောင်၍ မြို့ကြီးများ၊ မြို့ငယ်များနှင့် ကျေးရွာ များတို့တွင် အသင်းတော်ကို စိုက်ပျိုးရန် ဖြစ်သည် - ၁ကော၊ ၁း၁-၂။ ၁သက်၊၁း၁။ တ၊၈း၁။ ၁၃း၁။ ကော၊၄း၁၅-၁၆။

**II. ပြီးပြည့်စုံသည့် ခရစ်ယာန်များဖြစ်ရန်အလို့ငှာ ကျွန်ုပ်တို့သည် လာခြင်းနှင့် သွားခြင်းရှိသော ခရစ်ယာန်များ ဖြစ်ရမည်။** [2]

A. *လာခြင်း* နှင့် *သွားခြင်း* ဟူသော စကားလုံးများကို ဓမ္မသစ်ကျမ်းတွင် မကြာခဏ အသုံးပြုထားသည်။

1. သခင်ဘုရားသည် ကျွန်ုပ်တို့အား နားခိုခြင်း၊ အသက်၊ အသက်ရှင်သောရေနှင့် ကယ်တင်ခြင်းအတွက် သူ့ဆီသို့ လာရန် ခေါ်ခဲ့သည်။ ကျွန်ုပ်တို့သည် ကိုယ်တော်ထံသို့ ပို၍လာလေလေ ကျေးဇူးတော်ကို ကျွန်ုပ်တို့ ပို၍ရရှိလေလေဖြစ်သည်- မ၊၁၁း၂၈။ ယော၊ ၅း၄၀။ ၁၀း၁၀။ ၇း၃၇။

2. သခင်ဘုရားထံမှ ကျေးဇူးတော်ကို ကျွန်ုပ်တို့ လက်ခံရရှိပြီးနောက်တွင် ကိုယ်တော်သည် သွား၍ လူမျိုးအပေါင်းတို့ကို ဧဝံ ဂေလိတရားဟောပြောရန်၊ သွား၍ လူမျိုးအပေါင်းတို့ကို တပည့်ဖြစ်စေရန်နှင့် သွား၍ မြေကြီးတစ်ပြင်လုံးကို ကိုယ်တော် ၏သက်သေများ ဖြစ်စေရန် မိန့်တော်မူခဲ့သည်- မ၊ ၂၄း၁၄။ ၂၈း၁၉။ တ၊ ၁း၈။

B. ကျွန်ုပ်တို့သည် လာခြင်းရှိ၍ သွားခြင်းမရှိသော တစ်ဝက် ခရစ်ယာန်များ မဖြစ်နိုင်ပါ။ ကျွန်ုပ်တို့သည် လာခြင်းနှင့် သွားခြင်း ရှိ သော ခရစ်ယာန်များဖြစ်မည်ဆိုလျှင် ကျွန်ုပ်တို့အားဖြင့် သခင်ဘုရား၏ကျေးဇူးတော်ကို လွှပ်လပ်စွာ စီးဆင်းရန် အခွင့်ပေးခြင်း ရှိလိမ့် မည်ဖြစ်သည်။

**III. သမ္မာကျမ်းစာက ယုံကြည်သူများ၏ ပြောင်းရွှေ့နေထိုင်ခြင်းမှတစ်ဆင့် ဧဝံဂေလိတရားကို ပျံ့နှံ့စေရန်နှင့် အသင်းတော်များကို ထွက်ပေါ်စေရန် အလွန်လွယ်ကူကြောင်း ပြသထားသည်။**

A. ပင်တေကုတ္တေ၏အချိန်တွင် များစွာသောလူများသည် ယေရုရှလင်မြို့၌ ကယ်တင်ခြင်း ခံခဲ့ရကြသည်။ ဤယုံကြည်သူသစ်များ သည် အတူတကွ တွေ့ဆုံ၍ သခင်ဘုရားကို အတူတကွ အစေခံကြစဉ် ကျေးဇူးတော်အများအပြားကို လက်ခံရရှိခဲ့ကြသော် လည်း သခင်ဘုရားသည် "ယေရုရှလင်မြို့မှစသော ယုဒပြည်၊ ရှမာရိပြည်၊ မြေကြီးစွန်းတိုင်အောင်" ကိုယ်တော်၏သက်သေခံ များဖြစ်စေရန် ကိုယ်တော်မတက်ကြွမီ တပည့်တော်များကို မိန့်တော်မူခဲ့သည် - ၂း၄၁။ ၁း၈။

B. ထို့ကြောင့် သခင်ဘုရားသည် ယေရုရှလင်မြို့၌ ညှင်းပန်းနှိပ်စက်ခြင်းကို ဖြစ်စေရန် အခွင့်ပေးခဲ့သည်၊ သို့မှသာလျှင် တပည့်တော်များသည် ယေရုရှလင်မြို့မှ ထွက်သွားရန် တွန်းအားပေးခြင်း ခံရ၍ ဧဝံဂေလိတရားကို ဟောပြောရန်နှင့် ကိုယ်တော်အတွက် သက်သေခံရန်အလို့ငှာ ယုဒပြည်နှင့်ရှမာရိပြည်တိုင်အောင် ပျံ့သွားနိုင်မည် ဖြစ်သည်-ဧး၁၊ ၄။

C. နောက်ဆုံးတွင် အသင်းတော်များသည် ယုဒပြည်၊ ဂါလိလဲပြည်၊ ရှမာရိပြည်နှင့် တစ်ပါးအမျိုးသားမြို့ဖြစ်သော အန္တိအုတ်မြို့စသည့်နေရာများစွာတွင် အသင်းတော်များကို တည်စေနိုင်မည် ဖြစ်သည်။ ဤအသင်းတော်များသည် တမန်တော်များအားဖြင့် တည်စေခြင်း မဟုတ်ပါ၊ သို့သော် ၎င်းတို့သည် ပျံ့သွားသော တပည့်တော်များအားဖြင့် ထွက်ပေါ်စေခြင်းဖြစ်သည် - ၉း၃၁။ ၁၁း၁၉-၂၃။

## IV. ကျွန်ုပ်တို့သည် ပြောင်းရွှေ့နေထိုင်ခြင်းမှ ကျွန်ုပ်တို့ကို တားဆီးနေသောအချက်များကို အောင်မြင်ရမည်ဖြစ်သည်။

A. ဘုရားသခင်သည် ကျွန်ုပ်တို့ပြောင်းရွှေ့နေထိုင်ရန်အလို့ငှာ ပတ်ဝန်းကျင်၌ များစွာသောပြင်ဆင်မှုများ လုပ်ဆောင်ခဲ့သော်လည်း ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ဇာတိသဘောသဘာဝများ၊ အလေ့အကျင့်များ၊ မိသားစုဆက်နွှယ်ခြင်းများ၊ မိတ်ဆွေများ၊ လုပ်ငန်းခွင်အချက်များ၊ ပထဝီအနေအထား အချက်အလက်များ၊ ပိုင်ဆိုင်မှုများ၊ မတူညီသော အကောက်ခွန်များနှင့် ပတ်ဝန်းကျင်သစ်အပါအဝင် ရွှေ့ပြောင်းခြင်းကို လေ့ကျင့်ရန် ပြဿနာများရှိနေဆဲဖြစ်သည်။ ဤအကြောင်းအရာများသည် ကျွန်ုပ်တို့ကို တွန့်ဆုတ်စေသည်။

B. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ဇာတိ ပင်ကိုစိတ်နှင့် ရွှေ့ပြောင်းရန် အလိုဆန္ဒလျော့နည်းနေခြင်းကို ချိုးဖျက်ရန် သခင်ဘုရားကို အခွင့်ပေးခြင်းအားဖြင့် ထိုအရာများမှ ကယ်နုတ်ခံကာ ကျွန်ုပ်တို့ကို တားဆီးနေသော ပြဿနာများကို အောင်မြင်ရမည်ဖြစ်သည်။

C. ကျွန်ုပ်တို့သည် အပြစ်နှင့် လောကကို အောင်မြင်နိုင်စေရန် သခင်ဘုရားကို တောင်းလျှောက်ကြသည်၊ သို့သော်လည်း ကျွန်ုပ်တို့သည် ပြောင်းရွှေ့နေထိုင်ခြင်းမှ ကျွန်ုပ်တို့ကို တားဆီးနေသော အရာများအားလုံးကို အောင်မြင်နိုင်စေရန်လည်း ကိုယ်တော်ထံ တောင်းလျှောက်ရမည် ဖြစ်သည်။

## V. သခင်ဘုရား၏ကျေးဇူးတော်အားဖြင့် ကျွန်ုပ်တို့သည် အာဗြဟံ၏ခြေရာကို လိုက်သောသူများအဖြစ် မြေကြီးပေါ်လှည့်လည်သွားလာသောသူများဖြစ်ရန် လိုအပ်သည်- ဟေဗြဲ၊ ၁၁း၈၊ ၁၃။ ရော၊ ၄း၁၂။

A. အာဗြဟံသည် ခါနာန်ပြည်တွင် နိုင်ငံခြားသားအဖြစ် နေထိုင်ခဲ့သည်။ သူသည် တစ်နေရာမှတစ်နေရာသို့ပြောင်းရွှေ့သောသူ၊ ယဇ်ပလ္လင်နှင့် တဲတော်အသက်တာကို အသက်ရှင်သောသူ ခရီးသွားဧည့်သည်ဖြစ်ခဲ့သည်၊ ထိုသို့ဖြင့် သူသည် မြေကြီးပေါ်တွင် သူစိမ်းနှင့် ခရီးသွားဧည့်သည်ဖြစ်ကြောင်းကို ဝန်ခံခဲ့သည်- က၊ ၁၂း၇ခ-၈ နှင့် မှတ်စု ၇^၃ နှင့် ၈^၁။ ဟေဗြဲ၊ ၁၁း၈၊ ၁၃ နှင့် မှတ်စု ၁၃^၁။

1. ယဇ်ပလ္လင်သည် ကျွန်ုပ်တို့၌ ရှိသည့်အရာအားလုံးကို ပူဇော်ခြင်းနှင့် ဘုရားသခင်၏ရည်ရွယ်ချက်အတွက် ဘုရားသခင်ထံ ချဉ်းကပ်ခြင်းဖြင့် ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်ခြင်းအတွက် ဖြစ်သည်။ ယဇ်ပလ္လင်ကို တည်ဆောက်ခြင်းဆိုသည်မှာ ကျွန်ုပ်တို့အသက်သည် ဘုရားသခင်အတွက်ဖြစ်ပြီး၊ ဘုရားသခင်သည် ကျွန်ုပ်တို့အသက်ဖြစ်ကာ ကျွန်ုပ်တို့အသက်၏ အဓိပ္ပာယ်မှာ ဘုရားသခင်ဖြစ်ကြောင်းကို ဆိုလိုခြင်း ဖြစ်သည် - က၊ ၁၃း၃-၄၊ ၁၈။
2. အာဗြဟံသည် တဲတော်၌ နေခြင်းမှာ သူသည် ဤလောကနှင့် မသက်ဆိုင်ကြောင်း၊ သို့သော် သူသည် ကောင်းကင်ဆိုင်ရာဖြစ်သော၊ ကောင်းကင်ဆိုင်ရာ ယေရုရှလင်မြို့တည်းဟူသော အကောင်းဆုံးသော နိုင်ငံကို တောင့်တနေကြောင်း ဖော်ပြခြင်း၊ ကြွေးကြော်ခြင်း ဖြစ်သည်- ဟေဗြဲ၊ ၁၁း၉-၁၀၊ ၁၃-၁၆။ ၁၀း၂၂။

B. ကျွန်ုပ်တို့သည် ကိုယ်တော်၏ ဧဝံဂေလိတရားကို ကြေညာ၍ ကိုယ်တော်၏ သက်သေခံချက်ကို စောင့်ထိန်းကာ ဘုရားသခင်ကို အာဗြဟံနည်းတူ အစေခံလိုသည်ဆိုလျှင် ကျွန်ုပ်တို့သည် ခရီးသွားဧည့်သည်များအဖြစ် အသက်ရှင်ရမည်ဖြစ်သည်။ ၎င်းမှာ ကျွန်ုပ်တို့သည် ပြောင်းရွှေ့နေထိုင်ရမည်။ ကျွန်ုပ်တို့သည် ခရီးသွားဧည့်သည်ဖြစ်ခြင်း၏ သွင်ပြင်လက္ခဏာကို ဆုံးရှုံးသောအခါ ဘုရားသခင်၏သက်သေခံချက်ကို စောင့်ထိန်းနိုင်မည် မဟုတ်ပါ။

C. ကျွန်ုပ်တို့သည် နေရာတစ်ခုထဲတွင် အချိန်အကြာကြီးနေသည့်အခါတိုင်း ကျွန်ုပ်တို့သည် မြေကြီးပေါ် အမြစ်စွဲခြင်း၏ အန္တရာယ်၌ ရှိနေကြသည်။ ပြောင်းရွှေ့နေထိုင်ခြင်းသည် ကျွန်ုပ်တို့ကို မြေကြီးမှ ကျွန်ုပ်တို့၏ အမြစ်စွဲခြင်းကို ဆွဲနုတ်ပေး၍ တစ်ဖန် အမြစ်စွဲခြင်းမှ ကျွန်ုပ်တို့ကို စောင့်ထိန်းပေးသည်။

D. မျိုးဆက်များတစ်လျှောက်တွင် အသင်းတော်များ၏ ကျဆင်းသွားခြင်းသည် ပြောင်းရွှေ့နေထိုင်ခြင်း အားနည်းသောကြောင့် ဖြစ်သည် - တ၊၈း၁။ ၂၁း၂၀။ ညွှန်း၊ တရား၊၄း၂၅ နှင့် မှတ်စု။ [3]

E. အစည်းအဝေးများနှင့် သင်တန်းများကို သစ္စာရှိစွာ တက်ရောက်ခြင်းအားဖြင့် များစွာသောသန့်ရှင်းသူများသည် အဆင့်မြင့်သော ဝိညာဉ်ရေးရာအသိပညာကို ရရှိ၍ သူတို့အထဲသို့ များစွာ အပ်နှံခြင်း ခံခဲ့ရကြသည်။ မည်သို့ပင်ဆိုစေ သူတို့သည် ၎င်းကို အသုံးပြုခြင်းမရှိပါက သူတို့၌ရှိသည့်အရာသည် မည်သည့်အရာဖြစ်ကြောင်းကို သူတို့ ဘယ်တော့မှ သိမည်မဟုတ်ပါ။ သူတို့သည် သွားခြင်းဖြင့် သူတို့အထဲ၌ သိုထားသည့်အရာများသည် ထွက်လာလိမ့်မည် ဖြစ်သည်။

## VI. ကျွန်ုပ်တို့သည် သခင်ဘုရား၏သက်သေခံချက် ပျံ့နှံ့ခြင်းအတွက် အမေရိကန်ပြည်ထောင်စု၌ရှိသည့် မဟာဗျူဟာကျသောမြို့များတွင် ပြောင်းရွှေ့ရန် လိုအပ်သည်။ [4]

A. သန့်ရှင်းသူများသည် နေရာတစ်ခုထဲတွင် သို့မဟုတ် ဧရိယာတစ်ခုတွင် အချိန်အကြာကြီး ရှိမနေသင့်ပါ။ ဆန့်ကျင်ဘက်အနေဖြင့် ကျွန်ုပ်တို့အားလုံးသည် မြစ်ကို ဖြတ်သန်းသူ ဟေဗြဲလူဖြစ်သော ကျွန်ုပ်တို့အဖ အာဗြဟံ၏ခြေရာသို့ လိုက်၍ ပြောင်းရွှေ့နေထိုင်သူများ ဖြစ်ရမည်ဖြစ်သည်- က၊ ၁၄း၁၃။ [5]

B. အချို့သောဒေသန္တရ၌ရှိသော သန့်ရှင်းသူများအားလုံးသည် ပြောင်းရွှေ့နေထိုင်ခြင်းမရှိပါက နောက်ဆုံးတွင် ထိုဒေသန္တရသည် "ပင်လယ်သေ" ဖြစ်လာလိမ့်မည် ဖြစ်သည်။

C. တစ်စုံတစ်ခုသော ဒေသန္တရ၌ရှိသည့် အသင်းတော်သည် ထိုကဲ့သို့ ပင်လယ်သေဖြစ်လာခြင်းမှ ရှောင်ရှားလိုလျှင် "တူးမြောင်း" သည် "ရေ" စီးထွက်ရန် အခွင့်ပေးရန် တူးဖော်ခံရမည် ဖြစ်သည်။

## VII. ကျွန်ုပ်တို့သည် ပြောင်းရွှေ့နေထိုင်ရန် အလိုဆန္ဒရှိကြရမည် ဖြစ်သည်။ [6]

A. ကျွန်ုပ်တို့သည် သခင်ဘုရားကို ချစ်၍ ကိုယ်တော်အတွက် အသက်ရှင်ရန် အလိုဆန္ဒရှိကာ၊ ကိုယ်တော်ကို ကျေနပ်စေလိုလျှင် ကျွန်ုပ်တို့သည် ပြောင်းရွှေ့နေထိုင်ခြင်းကို ရွေးချယ်လိမ့်မည်ဖြစ်သည်၊ ဤသည်မှာ သခင်ဘုရားလိုချင်သောအသက်တာကို အသက်ရှင်ခြင်းဖြစ်ကာ၊ ဤသည်မှာ ကိုယ်တော်ကို ကျေနပ်စေရန် နည်းလမ်းလည်း ဖြစ်သည်။

B. "ရုဗင်အမျိုးနေရာ ချောင်းအသွယ်သွယ်၌ စိတ်နှလုံးပြဌာန်းခြင်း များကြသည်တကား။ နောက်တစ်ဖန် သင်သည် သိုးမြည်သံကို နားထောင်ခြင်းငှာ တောင်ကြားမှာ အဘယ်သို့ ထိုင်နေသနည်း။ ရုဗင်အမျိုးနေရာ ချောင်းအသွယ်သွယ်၌ စိတ်နှလုံး ရှာဖွေခြင်း များကြသည်တကား" - သူကြီး၊ ၅း၁၅ခ-၁၆ (ASV)။

1. ချောင်းအသွယ်သွယ်ဆိုသည်မှာ ဘုရားသခင်နှင့် ကိုယ်တော်၏ကျေးဇူးတော်ကို ပုံဆောင်ခြင်းဖြစ်သည် (ဆာ၊၂၃း၂။ ယော၊ ၇း၃၇-၈)။ ဤကျမ်းပိုဒ်၌ ရုဗင်မှ ဆင်းသက်လာသောသူအချို့တို့သည် ချောင်းအသွယ်သွယ်၊ ဘုရားသခင်၏ ဘေးတွင် ထိုင်နေကြ၍ ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် ဘုရားသခင်၏ နိုင်ငံတော်အတွက် သူတို့သည် စိတ်နှလုံးပြဌာန်းခြင်းနှင့် စိတ်နှလုံး ရှာဖွေခြင်း များကြသည်။

2. မည်သို့ပင်ဆိုစေ ရုဗင်မှဆင်းသက်လာသောသူ အချို့တို့သည် သိုးမြည်သံကို နားထောင်ခြင်းငှာ တောင်ကြားမှာ ထိုင်နေကြသည်။ ဆိုလိုသည်မှာ သူတို့သည် လွယ်ကူသောအသက်တာ၊ သက်သောင့်သက်သာရှိသော အသက်တာနှင့် ပျော်စရာကောင်းသော အသက်တာကို အလိုဆန္ဒရှိကြသောကြောင့် နားခို၍ ရွှေ့သွားခြင်းမရှိကြကြောင်းကို ဆိုလိုခြင်း ဖြစ်သည်။

3. အခြေချနေထိုင်ရန်မှာ လွယ်ကူသော၊ သက်သောင့်သက်သာ ရှိသောအသက်သာနှင့် ကျေနပ်အားရသောအသက်တာကို အသက်ရှင်ရန်ဖြစ်သော်လည်း ပြောင်းရွှေ့နေထိုင်ခြင်းသည် ပင်ပန်း၍ ခက်ခဲသည်။ မည်သို့ပင်ဆိုစေ အခြေချနေထိုင်ခြင်းသည် ကျွန်ုပ်တို့အား ဘုရားသခင်၏ကျေးဇူးတော်ကို မွေ့လျော်ဝမ်းမြောက်စေနိုင်လိမ့်မည် မဟုတ်ပါ။ ပြောင်းရွှေ့နေထိုင်ခြင်းသည် ကျွန်ုပ်တို့အတွက် ဘုရားသခင်၏ကျေးဇူးတော်ကို မွေ့လျော်ဝမ်းမြောက်ရန် နည်းလမ်းဖြစ်သည်။

**VIII.** **“သခင်၊ ကျွန်ုပ်တို့၏မျက်စိကို ဖွင့်ပေးခြင်းအတွက် ကိုယ်တော်ကို ကျေးဇူးတင်ပါသည်။ ကျွန်ုပ်တို့သည် လောက၏အခြေအနေကို အမှန်တကယ် နားလည်ကြပါသည်။ ကျွန်ုပ်တို့သည် ကိုယ်တော်၏လုပ်ဆောင်ခြင်းများကို မြင်ပြီး နည်းလမ်းကို ရှင်းလင်းစွာ သိမှတ်ကာ ဦးတည်ချက်ကို တွေ့ရှိပါသည်။ ကိုယ်တော်အတွက် ကျွန်ုပ်တို့ မိမိကိုယ်ကိုယ် လုံးလုံးဆပ်ကပ်အပ်နှံ၍ ကျွန်ုပ်တို့၏ အချိန်၊ အိမ်နှင့် မိသားစုဝင်များကို ကိုယ်တော်ထံ ဆက်ကပ်အပ်နှံပါသည်။ ကိုယ်တော် ကျွန်ုပ်တို့၏ ဆက်ကပ်အပ်နှံခြင်းကို လက်ခံ၍ ကောင်းချီးပေးတော်မူပါ။ ကိုယ်တော်၏ဘုန်းတော်ကို ထင်ရှားစေ၍ ကျွန်ုပ်တို့ကို ကြီးစွာ အသုံးပြုတော်မူပါ။ သို့မှသာ ကျွန်ုပ်တို့အယောက်တိုင်းသည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဖြည့်ခြင်းခံရ၍ သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးရှိကာ အခြားသူများကို ဆက်သွယ်ရန် နှုတ်ကပတ်စကား ရှိမည် ဖြစ်ပါသည်”—*CWWL, 1984*, vol. 4, “Rising Up to Preach the Gospel,” p. 376.**